


အတွဲ (၃) အမှတ် (၂) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ (၂၉)ရက်

## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက်



"ဒေသထွက်အစားအစာများ အရည်အသွေး ကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင် ဆောင်ရွက်ပြီး ကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးနိုင်မှသာလျှင် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည် ဖြစ်ကြောင်း"

## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်



"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေး၊ ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်ကာ တစ်နှစ်ပတ်လုံးလည်ပတ်နိုင်သော ခရီးစဉ်ဒေသဖြစ်စေရေးနှင့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သည့်အခါတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းဆက်စပ်အဖွဲ့အစည်းအားလုံးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း"

# မာတိကာ


| | |
|---|---|
| ❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက် | ၁ |
| ❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် | ၁ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် နေပြည်တော်သို့ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် ခရီးလှည့်လည်ရေးကုမ္ပဏီများနှင့်တွေ့ဆုံခြင်း၊ စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြား | ၄ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ သို့ တက်ရောက် | ၄-၆ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကချင်ပြည်နယ် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ခရိုင်/မြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့်တွေ့ဆုံ | ၆ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပုဂံဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက် | ၆-၇ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် | ၇ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲ (၂၀၂၃) သို့ တက်ရောက် | ၇-၈ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက် | ၈-၉ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ် (TOT) သင်တန်း ဖွင့်ပွဲအခမ်းအနားတက်ရောက် | ၉ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ "အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅နှင့် တရုတ်နိုင်ငံ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှု မျှဝေရေးဖိုရမ်" တက်ရောက် | ၉-၁၀ |
| ❖ (၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့်မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့ အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ | ၁၀-၁၁ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ်၊ တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲနှင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ - ၂၀၂၃ တက်ရောက် | ၁၁-၁၂ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ၊ လာအိုနိုင်ငံ၌ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေး | ၁၂-၁၃ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွား အသင်းအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ | ၁၃ |
| ❖ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး (Assessment) ဆိုင်ရာ သရုပ်ပြအသိပညာပေးရှင်းလင်းပွဲကျင်းပ | ၁၃ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား | ၁၄ |
| ❖ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ချောင်းသာကမ်းခြေဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ | ၁၄ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငရုတ်ကောင်းမြို့နှင့် ဂေါ်ရင်ဂျီကျွန်း တို့၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် | ၁၄-၁၅ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငွေဆောင်ကမ်းခြေဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက် | ၁၅ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် | ၁၅-၁၆ |
| ❖ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသွားရာ ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံရှိ ဟိုတယ်များနှင့်တစ်ဆက်တည်းရှိသော လမ်းဘေးဝဲယာရှိ ဟိုတယ်များသန့်ရှင်းသာယာလှပမှုရှိစေရေးကြည့်ရှုစစ်ဆေး | ၁၆ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မြန်မာ- တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ | ၁၆ |
| ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ XI ZANG ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရဥက္ကဋ္ဌ Mr. YAN JINHAI ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၆-၁၇ |
| ❖ ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါဝင်တက်ရောက် | ၁၇ |
| ❖ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၄၊ (၅၉) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် | ၁၇ |
| ❖ လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ | ၁၇-၁၈ |
| ❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ | ၁၈-၁၉ |
| ❖ ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ | ၁၉ |
| ❖ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ | ၁၉ |
| ❖ ကရင်ပြည်နယ်၏ လှုပ်ရှားဆောင်ရွက်မှုများ | ၁၉ |
| ❖ မွန်ပြည်နယ်၏ လှုပ်ရှားဆောင်ရွက်မှုများ | ၁၉ |
| ❖ မန္တလေးတိုင်းဒေသကြီး၏ လှုပ်ရှားဆောင်ရွက်မှုများ | ၂၀ |
| ❖ ပဲခူးတိုင်းဒေသကြီး၏ လှုပ်ရှားဆောင်ရွက်မှုများ | ၂၀ |
| ❖ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသွားစစ်တမ်းကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည် | ၂၀ |


**********

- **ရှေ့ဖုံးမှအဆက်**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၃)ကို ဒီဇင်ဘာ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွား လုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက် ကြသည်။ ဦးစွာ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ခရီးသွားလုပ်ငန်းကဏ္ဍသည် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၊ လေကြောင်းလိုင်းများ၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ စားသောက်ဆိုင်နှင့်ဖျော်ဖြေရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်းရောင်းချသည့် လုပ်ငန်းများစသည်ဖြင့် ကဏ္ဍစုံ၊ နယ်ပယ်စုံဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်း နယ်ပယ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အကြီးဆုံး နှင့် အဆက်မပြတ်အလျင်အမြန်ဖွံ့ဖြိုးနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ထားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက် ဆုံးရှုံးစေခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်းနှင့် အတူ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု မောင်းနှင်အားကို အထောက်အကူပြုစေရန် ကိုဗစ်-၁၉ကပ်ရောဂါအလွန်ကာလ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ ပြည်တွင်းခရီးသွား လုပ်ငန်းများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်ကစပြီး နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ ကာ ကမ္ဘာလှည့် e-Visa ကို မေ ၂၀ ရက်တွင် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် တွင် နိုင်ငံတကာခရီးသွား ဧည့်သည် ၂ ဒသမ ၃ သိန်းကျော် ပြန်လည်ဝင်ရောက် ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်ထက် ဧည့်သည်ဝင်ရောက်မှု ၄၃ ရာခိုင်နှုန်း တိုးတက် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု တစ်သန်းကျော် ဝင်ရောက်ခဲ့ခြင်း ကြောင့် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၇၁ ရာခိုင်နှုန်း တိုးတက်ဝင်ရောက် ခဲ့ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသည့်အတွက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များပိုမိုရောက်ရှိရေး အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံ ပြည်သူများ အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း လိုပါကြောင်း၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားများလာရောက်လည်ပတ် ကြရာတွင် လွယ်ကူအဆင်ပြေစေရန်နှင့် မလိုလားအပ်သည့် အဟန့်အတားများ၊ ကြန့်ကြာမှုများအား အတတ်နိုင်ဆုံးဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဦးတည်ဈေးကွက်နိုင်ငံ များနှင့်ချိတ်ဆက်ပြီး ဈေးကွက်ရှာဖွေမြှင့်တင်ရေးလိုအပ်ပါကြောင်း၊ ခရီးသွား ပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip – FAM Trip) များ ခေါ်ယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် ထူးခြားသည့် ရာသီပွဲတော်များ ရှာဖွေဖော်ထုတ်မြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပ မီဒီယာများဖြင့် ရိုက်ကူးလွှင့်တင်ခြင်း၊ Event Calendar များနှင့်ပတ်သက်သော Information များကို ခရီးသွားများသိရှိအောင် ကြော်ငြာခြင်း၊ ပြည်ပခရီးသွားများ အတွက်သာမက ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွားဧည့်သည် အများအပြားလည်ပတ်ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးအပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက် ယနေ့တက်ရောက်လာကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ အားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။




ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။



ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၃) ကြိမ် မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီ (၆)ခု တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုး ပြင်ဆင်ဖွဲ့စည်းမှု၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် ပြည်တွင်းဘုရားဖူးခရီးသွားဝန်ဆောင်မှု လုပ်ငန်းအသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ (SOP)ကို ရေးဆွဲ ပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများသို့ ပေးပို့ဆောင်ရွက်ခဲ့မှု၊ ကန့်သတ်နယ်မြေမဟုတ်သော ခရီးစဉ်ဒေသများတွင် ခရီးသည်များသွားရောက် လည်ပတ်လျက်ရှိသော ခရီးစဉ်ဒေသများ သတ်မှတ်နိုင်ရေးနှင့် ၎င်းခရီးစဉ်များ တွင် ခရီးသည်များလုံခြုံစိတ်ချမှုရှိပြီး အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အတွက် ဒေသကိုအခြေခံသည့် လုံခြုံရေးဆောင်ရွက်ပေးနိုင်ရေးနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား(၆)မျိုးကို SOP ရေး ဆွဲ၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ခွင့်ပြုနိုင်ရေး အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူပါသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် နေပြည်တော်သို့ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် ခရီးလှည့်လည်ရေးကုမ္ပဏီများနှင့်တွေ့ဆုံခြင်း၊ စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



ခရီးသွားကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လာရောက်လည်ပတ်သော ပြည်ပခရီးသွားဧည့်သည်များ နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ လွယ်ကူအဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ထိုင်းခရီးသွားဝန်ဆောင်မှုပေးနေသော ခရီးလှည့်လည်ရေး ကုမ္ပဏီများနှင့်ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နယ်ရုံးခွဲများမှ တာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ပြည်ထောင်စုနယ်မြေသည် မြန်မာနိုင်ငံရှိ ထင်ရှားသော ခရီးစဉ်ဒေသများသို့ သွားရောက်ရန် အချက်အချာကျသောနေရာတွင်တည်ရှိနေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ခရီးသွားအခြေခံအဆောက်အအုံများရှိနှင့်ပြီးဖြစ်ပါကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရန်အတွက် ခရီးသွားဆွဲဆောင်ရာ နေရာ ၃၈ နေရာရှိပါကြောင်း၊ မကြာသေးခင်က တည်ထားကိုးကွယ်တော်မူသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာလည်း ထင်ရှားသည့် ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုပင်ဖြစ်ပါကြောင်း၊ နေပြည်တော်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်ဆုကို ရရှိခဲ့ပါကြောင်း၊ နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေး အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း၊ ခရီးလှည့်လည်ရေးကုမ္ပဏီများအနေဖြင့်လည်း တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးစဉ်ကောင်းများ ဖြစ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နေပြည်တော်သို့ ပြည်ပခရီးသွားဧည့်သည်များ စင်းလုံးငှားလေယာဉ်ခရီးစဉ်များဖြင့် လာရောက်ရာတွင် လုပ်ဆောင်ရမည့် အခြေအနေများ၊ ထိုင်းခရီးသွားဝန်ဆောင်မှုပေးနေသော ခရီးလှည့်လည်ရေးကုမ္ပဏီများမှ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျင်းပသော စိန့်ပီတာစဘတ်-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ အွန်လိုင်းမှ ပြည်ထောင်စုဝန်ကြီးက တက်ရောက်သည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအား ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိလာရောက်လည်ပတ်စေရန် Welcome Russia Program in Myanmar အစီအစဉ်၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်အစီအစဉ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော ခရီးသွားပြပွဲများသို့ ပါဝင်ပြသခြင်းအစီအစဉ်၊ ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို မြှင့်တင်ကြော်ငြာခြင်း အစီအစဉ်တို့ကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ခရီးစဉ်ဒေသမြို့များသို့ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်လွယ်ကူချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံနှင့်စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ စိန့်ပီတာစဘတ်မြို့မှ မြန်မာကောင်စစ်ဝန်ချုပ်၊ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာကုန်သွယ်ရေးတာဝန်ခံ Mr. Madimir S. Kazadayev စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr. Vyacheslav Kalganov တို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် ဆွေးနွေးပွဲအစီအစဉ်အရ မော်စကိုအခြေစိုက် စိန့်ပီတာစဘတ်ရုံးမှ FUN SUN Tour Operator Margarita Meshcheryakova မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားအတွေ့အကြုံများ၊ တွေ့ကြုံရသည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံမှ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဖြေကြားမှုများပြုလုပ်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄၊ အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ နှင့် ဆက်စပ်ဝန်ကြီးအဆင့်အစည်းအဝေးများဖြစ်သည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ အာဆီယံ-တရုတ်၊ ဂျပန်၊ ကိုရီးယားခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ရုရှားဖက်ဒရေးရှင်း ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်

အခမ်းအနားများကို "Quality and Responsible Tourism- Sustaining ASEAN Future" ခေါင်းစဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Landmark Mekong Riverside Hotel ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီး Mrs. Suanesavanh VIGNAKET ၏ ဖိတ်ကြားချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။




အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Professor Dr. Kikeo Khaikhamphi-thoune၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီး၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၊ မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်တော်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်ခဲ့သည်။


ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ကို အောင်မြင်စွာ အောင်မြင်မောင်းတီး၍ ဖွင့်လှစ်ပေးကြကာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ရိုးရာနှင့်ခေတ်ပေါ်တေးဂီတအကများ၊ အစားအသောက်များနှင့် ရိုးရာချည်ထည်ဒီဇိုင်းများကို ဆန်းသစ်တီထွင်ဖန်တီးထားမှုများဖြင့် ဖျော်ဖြေဧည့်ခံကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၂၅ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ နှင့် ဆက်စပ်ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံအပါအဝင်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များ၊ ကနဦးစာရင်းများအရ ၂၀၂၃ ခုနှစ်တွင် အာဆီယံမှခရီးသွားဧည့်သည် ၆၃ ဒသမ ၇၆ သန်းဝင်ရောက်ခဲ့သည့်အနက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၁ ဒသမ ၂၄ သန်း ဝင်ရောက်ခဲ့မှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံမှ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ၂၈ ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အသင့်ဖြစ်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများအား CNN သတင်းဌာနမှ တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများနှင့် အနာဂတ်အလားအလာများ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၁) ကြိမ်မြောက် အာဆီယံ-အိန္ဒိယခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ပြီး အာဆီယံ-အိန္ဒိယ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအပါအဝင် မြန်မာနိုင်ငံသို့ အိန္ဒိယခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်ရေးအတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးနေမှု၊ မြန်မာနိုင်ငံအပါအဝင်အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် သတင်းအချက်အလက်မျှဝေရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရန်လိုအပ်သည်များနှင့် အာဆီယံ-အိန္ဒိယခရီးသွားလုပ်ငန်းဆိုင်ရာ မူဘောင်များအလိုက်လျာထားသည့်လုပ်ငန်းစဉ်များ ပိုမိုတိုးမြှင့်ဖော်ဆောင်ရေးအတွက် ခိုင်မာသော ရန်ပုံငွေအရင်းအမြစ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ နှင့် ဆက်စပ်ကျင်းပသည့် အာဆီယံခရီးသွားပြပွဲ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသနေမှုအခြေအနေကိုသွားရောက်လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ အား အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် မလေးရှားနိုင်ငံမှ တည်ခင်းဧည့်ခံသော Malaysia Night အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် (၂၃) ကြိမ်မြောက် အာဆီယံ- တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ရန် အဆိုပြုချက်အပေါ် ထောက်ခံသဘောတူညီကြောင်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ (၃) ကြိမ်မြောက် အာဆီယံ-ရုရှားဖက်ဒရေးရှင်း ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့ပြီးအာဆီယံ-ရုရှားဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအပြင် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသားများအတွက် ဗီဇာ (၁) နှစ် ကင်းလွတ်ခွင့်ကို ဒုတိယနှစ်အဖြစ် စမ်းသပ်ခွင့်ပြုဆောင်ရွက်ပေးနေမှုများ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ ရုရှားနိုင်ငံနှင့်မြန်မာနိုင်ငံအကြားတိုက်ရိုက်လေကြောင်းလိုင်း စတင်ပြေးဆွဲဆောင်ရွက်ခဲ့မှုများအပါအဝင် ရုရှားခရီးသွားများ ပိုမိုတိုးတက်ဝင်ရောက်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုခရီးစဉ်အား စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲသို့လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ

နိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay SIPHANDONE နှင့် တွေ့ဆုံခြင်း အခမ်းအနားသို့လည်းကောင်း၊ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုများ ပေးအပ်ခြင်းအခမ်းအနားနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ ပိတ်ပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့သည်။

အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုများ ပေးအပ်ရာတွင် မြန်မာနိုင်ငံမှ ASEAN Green Hotel Award ငါးဆု၊ ASEAN MICE Venue Standard Award (Category: Meeting Room) သုံးဆု၊ ASEAN MICE Venue Standard Award (Category: Exhibition Venue) နှစ်ဆု၊ ASEAN MICE Venue Standard Award (Category: Event Venue) သုံးဆု၊ ASEAN Sustainable Tourism Award တစ်ဆုနှင့် ကျိုင်းတုံမြို့နှင့် ပုသိမ်မြို့တို့မှ ASEAN Clean Tourist City Award တို့ကို ရရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၇ ရက်တွင် လာအိုနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသဖြစ်သည့် Pha That Luang Stupa (ဖသက်လွန်ဘုရား)နှင့် ဗီယင်ကျန်းမြို့အား ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှုများကိုမြှင့်တင်ရန်နှင့် လာအိုနိုင်ငံ၏ ပန်းပုလက်မှုအနုပညာများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖွင့်လှစ်ထားသော သစ်သားပန်းပုပြတိုက်သို့ သွားရောက်ကာ သစ်သားများဖြင့် ထွင်းထုထားသော ပန်းပုအနုပညာလက်ရာခင်းကျင်းထားမှုများကို လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကချင်ပြည်နယ် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ခရိုင်/မြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့်တွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ဦးမျိုးဆွေနှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Palm Spring Resort ၌ ဇန်နဝါရီ ၁၀ ရက်နေ့ မွန်းလွဲတွင် ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ခရိုင်/ မြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက Public Private Dialogue ကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တာဝန်ခံများနှင့် Online Zoom Meeting ဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်ရှိ လုပ်ငန်းရှင်များကိုလည်းပါဝင်၍ တက်ရောက်စေမည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ (၂) ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာကြားသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပုဂံဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ကွင်းဆင်းဆောင်ရွက်

ဇန်နဝါရီ ၆ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများ၊ Bagan Plastic Campaign အဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၄၀၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့် မြို့ဟောင်းဇရိယာအတွင်းရှိ နေရာများသို့ လိုက်လံကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများကိုကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နန်းမြင့်မျှော်စင်သို့ သွားရောက်ပြီး မျှော်စင်ပေါ်၌ ခရီးသွားဧည့်သည်များ ပုဂံဒေသ၏ စွဲမက်ဖွယ်ရာ မြင်ကွင်းကျယ်ရှုခင်းကြည့်ရှုရာတွင် အဆင်ပြေမှုရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ မြန်မာ့အစားအစာများအား ရောင်းချရန် စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုဂံ၊ ညောင်ဦးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညောင်ဦးခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) အား တွေ့ဆုံ၍ ပုဂံခရီးစဉ်ဒေသသည် ပြည်တွင်းခရီးသွားများအတွက်သာမက နိုင်ငံတကာခရီးသွားများအတွက်ပါ ထင်ရှားကျော်ကြားသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ပုဂံခရီးစဉ်ဒေသအနေဖြင့် ရှိနှင့်ပြီးသော ဆွဲဆောင်မှုများအပြင် ခရီးသွားထုတ်ကုန် အမည်သစ်များဖြင့်လည်း ဆွဲဆောင်နိုင်ခဲ့သောကြောင့် ဒေသ၏ ခရီးသွားလုပ်ငန်းပြန်လည်တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အလားတူ ပုဂံခရီးစဉ်ဒေသရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းနိုင်ရေးအတွက် အသိပညာပေးသင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ ဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပုဂံခရီးစဉ်ဒေသမှာ မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသတစ်ခုဖြစ်ခြင်း၊ ဒေသခံတို့အနေဖြင့် ပုဂံဒေသ၏ ခရီးသွားလုပ်ငန်းအပေါ် မှီခိုအားထားရခြင်းတို့ကြောင့် ဒေသရှိ ရှေးဟောင်းလက်ရာအမွေအနှစ်များကို ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့သောခရီးစဉ်ဒေသဖြစ်စေရေး တို့အတွက် အားလုံးဝိုင်းဝန်း၍ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဒေသအတွင်းရှိ ဝန်ကြီးဌာနမှ ပုဂ္ဂလိကသို့ ငှားရမ်းထားသော ဟိုတယ်များသို့သွားရောက်၍ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုနေထိုင်ရာတွင် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် Bagan

Information and Training Center တွင် ပုဂံဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဒီဇင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမျှော်ကာ ဘုရားဖူးခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမျှော်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်၍ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်/ထွက်နိုင်ရေး၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများအဆင်ပြေစေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တာချီလိတ်ရုံးခွဲ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဘာသာစကားကျွမ်းကျင်မှုရှိရေး ကြိုးစားကြရန်မှာကြားသည်။

အလားတူ ဒီဇင်ဘာ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်၍ ခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး မိုင်းဖုန်းကျေးရွာရှိ မိုင်းဖုန်းဆရာတော်ဘုရားကျောင်းသို့ သွားရောက်၍ ခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်ပြီး ဘုရားဖူး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် တာချီလိတ်မြို့ရှိ ရွှေတြိဂံပါရာဒိုက်စ်ဟိုတယ်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကာ မြစ်တွင်းအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်း အကောင် အထည်ဖော်နိုင်မှုကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ ဝမ်းဂျီဝမ်း ဟိုတယ်၌ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တာချီလိတ်မြို့သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး နယ်စပ်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိကြောင်း၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် ခရီးသွားပိုမိုဝင်ရောက်ရေးအတွက် ဈေးကွက်ရှာဖွေရေးကိစ္စရပ်များကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ပြီး ခရီးသွားများကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားသို့ သွားရောက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသများ၌ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်း ခရီးစဉ်များနှင့် နယ်စပ်ဒေသခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဖော်ဆောင်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်ဒေသများ လှည့်လည်ကြည့်ရှု ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြပွဲ (၂၀၂၃) တက်ရောက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ရှိ ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်ဒေသများကို လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင်အပန်းဖြေစခန်းသို့သွားရောက်ပြီး ဒေသ၏ အထင်ကရ ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် နောင်တုံကန်ပတ်ဝန်းကျင်နှင့် ကျိုင်းတုံဟော်နန်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဘုရားကို သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သက်တမ်းရင့်လက်ဖက်စိုက်ခင်းများတည်ရှိရာ ဝမ်ဆိုင်းကျေးရွာသို့ သွားရောက်၍ ခရီးသွားလုပ်ငန်းအထောက်အကူပြု ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဖော်ဆောင်နိုင်ရေး လှည့်လည်ကြည့်ရှုကြပြီး ဝမ်ဆိုင်းဒေသထွက် လက်ဖက်ခြောက်ကို ဒေသအမှတ်အသားအဖြစ် ဈေးကွက်အတွင်း ထိုးဖောက်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်

ကတ်တောင်ကျေးရွာအုပ်စု၊ ဟိုယန်းကျေးရွာရှိ ကျိုင်းတုံရေတံခွန်သို့ သွားရောက်၍ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ရေတံခွန်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲဒေသ မထိခိုက်စေရေး မှာကြားကာ ဒေသခံတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ဒီဇင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်)တို့ ပူးပေါင်းကျင်းပသော ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲ (၂၀၂၃) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချပွဲတော်ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားကိုယ်စားလှယ် (၁) ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော လွိုင်မွေဒေသ၌ ချယ်ရီပန်းပွဲတော်ကို ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း၊ ချယ်ရီပန်းပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချပွဲတော်ကို ပထမဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပွဲတော်ကို ဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝကို မြတ်နိုး၍ ချယ်ရီပန်းများအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ အစားအစာများကို ဖော်ထုတ်မြှင့်တင်ပေးရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်စေခြင်းဖြင့် ခရီးသွားလုပ်ငန်းများမြှင့်တင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြသရောင်းချပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဝန်ဆောင်မှုများနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများ ဖွင့်လှစ်ပေးမှုများ၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာအစားအစာပြပွဲတွင် ပါဝင်ပြသရောင်းချကြသည့် တိုင်းရင်းသားအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသားအဖွဲ့များကိုယ်စား အာခါတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချနေသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဥယျာဉ်သို့သွားရောက်၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျိုင်းတုံမြို့ရှိ Keng Tung Resort Hotel ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်တွင်း/ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စိန့်ပီတာစဘတ်အစိုးရပြည်ပဆက်ဆံရေးကော်မတီ၊ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိန့်ပီတာစဘတ်ကွန်ဗင်းရှင်းဗျူရို၊ ရော့စ်ကွန်ဂရက်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့က ဒီဇင်ဘာ ၁၃ ရက် မှ ၁၅ ရက်အထိ ပူးပေါင်းစီစဉ် ကျင်းပသည့် စိန့်ပီတာစဘတ် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်နိုင်ရန် ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စိန့်ပီတာစဘတ်မြို့သို့ ထွက်ခွာခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့သို့ ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်၌ စိန့်ပီတာစဘတ် Business ဟိုတယ်တွင် Russia Friendly: Inbound Tourism in a multipolar world ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရုရှားနိုင်ငံနှင့်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားများပိုမိုတိုးတက်လာရောက်နိုင်ရေး Welcome Russia Program in Myanmar ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ထို့ပြင် တက်ရောက်လာကြသည့် စပိန်၊ ဂျော်ဒန်၊ အိန္ဒိယ၊ ယူအေအီး၊ ကာတာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံတကာနှင့်ဒေသတွင်း စီမံကိန်းဖော်ဆောင်မှုများ၊ ဗီဇာ၊ ငွေကြေးစနစ်များနှင့် ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်တွင် Four Seasons Hotel ၌ ကျင်းပသည့် Plenary session တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ပြည်ဝင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုရလဒ်များနှင့် အနာဂတ်အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲနှင့် နိုင်ငံတော်ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေမြေတောတောင်သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး တစ်နှစ်ပတ်လုံး

ခရီးသွားလာနိုင်ကာ ခရီးသွားလုပ်ငန်းအမျိုးအစားပေါင်းစုံကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တဖြည်းဖြည်းတိုးတက်ဝင်ရောက်လာလျက်ရှိပြီး ထိုင်း၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့် ရုရှားကဲ့သို့ မိတ်ဖက်နိုင်ငံများမှ ခရီးသွားများ လာရောက်လည်ပတ်နိုင်ရေး မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုများလည်း ရှိလာပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ပြည်ဝင်ဗီဇာဖြေလျှော့ပေးမှုများ၊ ကြိုဆိုရေးအစီအစဉ်များနှင့် မြှင့်တင်ကြော်ငြာရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပနိုင်ရေးအတွက် စိန့်ပီတာစဘတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ နှစ်နိုင်ငံအစိုးရချင်း၊ ပုဂ္ဂလိကချင်းနီးကပ်စွာ လက်တွဲဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဗီဒီယိုဖိုင်ကို ပြသခဲ့သည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အစည်းအဝေးများ၊ ပြပွဲများ ကျင်းပခြင်းဆိုင်ရာ မိုက်စ် (MICE) ဆုပေးပွဲ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် The State Heritage Museum သို့ သွားရောက်လေ့လာခဲ့ပြီး မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ရုံး စမွန်နီဟော (Smolny Hall) ၌ စိန့်ပီတာစဘတ်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချေစလပ်ကော်ဂါနော့ဗ် (Mr. Vyacheslav Kalganov)၊ စိန့်ပီတာစဘတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စနာနာဂဗီချီယာ(Ms. Nana Gvichia)တို့ ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရန်ကိစ္စရပ်များ၊ မြန်မာ-ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် အပြန်အလှန်လာရောက်လည်ပတ်မှုများ တိုးတက်လာစေရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရုရှားနိုင်ငံမှ အကူအညီပေးရေး၊ ဆောင်ရွက်ဆဲဖြစ်သည့် မြန်မာ-စိန့်ပီတာစဘတ် virtual forum ကို မကြာမီကာလအတွင်း ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအချင်းချင်း ချိတ်ဆက်၍ tourist package များ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် စိန့်ပီတာစဘတ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါဖိုရမ်သည် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်များကို ဆွေးနွေးသုံးသပ်၍ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များရေးဆွဲရန် အဓိကကျသော အစိုးရပိုင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စင်္ကြံကြီးတစ်ခုအဖြစ် သတ်မှတ်ထား၍ ကျင်းပသော ခရီးသွားလုပ်ငန်းဖိုရမ်တစ်ရပ်ဖြစ်ပြီး အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ကြကာ ကမ္ဘာအနှံ့မှ အောင်မြင်သည့် ခရီးသွားလုပ်ငန်း အလေ့အကျင့်ကောင်းများနှင့် အမျိုးသားစီမံကိန်းများနှင့်ပတ်သက်၍ အတွေ့အကြုံများကို မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ် (TOT) သင်တန်း ဖွင့်ပွဲ အခမ်းအနား တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ နေပြည်တော်ဟိုတယ်ဇုန်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ် (TOT) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တံဂပူရိ ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာနှင့် သင်တန်းသား/သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည့်အတွက် ဝန်ဆောင်မှုပေးရသူများ၏ စွမ်းဆောင်ရည်များ ပြည့်ဝနေရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် အသင်းအဖွဲ့များလုပ်ငန်း လုပ်ကိုင်သူများနှင့်ပူးပေါင်း၍ ဧည့်ဝန်ဆောင်မှုဆိုင်ရာ ASEAN National Trainer (TOT) သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး ASEAN National Trainer စုစုပေါင်း ၅၈၇ ဦးရှိကာ ASEAN National Trainer သင်တန်းများကို သင်ကြားပို့ချနိုင်သော ASEAN Master Trainers ၁၈ ဦးနှင့် ASEAN Master Assessor ၁၉ ဦး စုစုပေါင်း ၃၇ ဦး ရှိပြီဖြစ်ကြောင်း၊ ယခုသင်တန်းကို အာဆီယံမှ သတ်မှတ်ထားသော ASEAN (MRA-TP) Guidelines များနှင့်အညီ ASEAN Master Trainer လက်မှတ်ရရှိထားသူများက သင်ကြားပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာသော သင်တန်းသား/ သူများ အနေဖြင့် မိမိတို့ဒေသနှင့် ဟိုတယ်ဇုန်များအလိုက် ပြန်လည်မျှဝေသင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)မှ တာဝန်ရှိသူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် သင်တန်းသား ၂၀ စီဖြင့် ငါးရက်ကြာ တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ "အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှု တိုးတက်ရေးနှင့် သာယာဝပြောမှု မျှဝေရေးဖိုရမ်" တက်ရောက်




အာဆီယံ-တရုတ်စင်တာမှ ကြီးမှူး၍ "အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာ

စီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်း ပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်” အစီအစဉ်ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့နှင့် လွှန်ပရာဘန်မြို့တို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်နှင့် ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများဖြစ်သော ပသူလွန်းဘုရား၊ မြဘုရားထားရှိခဲ့သည့် ကျောင်းတော်ဟောင်း၊ ဗီယင်ကျန်းဖွံ့ဖြိုးရေးဇုန်တို့သို့ သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ ဒုန်ချန်ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့်သာယာဝပြောမှုမျှဝေရေးဖိုရမ်”သို့ တက်ရောက်သည်။

ဖိုရမ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံအမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖိုရမ်ကျင်းပပြုလုပ်ရခြင်းသည် တရုတ်- အာဆီယံနိုင်ငံများအကြားရပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့်လူသားအချင်းချင်းဆက်သွယ်မှု၊ ပေါင်းစည်းမှုအားလုံးကို ခိုင်မာစေရန် ရည်ရွယ်ကြောင်း၊ အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ အနေဖြင့် အာဆီယံနိုင်ငံများအကြား စဉ်ဆက်မပြတ်ရေရှည်တည်တံ့သည့် အခြေခံအဆောက်အဦများ ဖြစ်ပေါ်လာရေး၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် တီထွင်ကြံဆမှုများ တိုးတက်လာရေးနှင့် ပို့ဆောင်ဆက်သွယ်မှုလွယ်ကူစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒေသတွင်းနိုင်ငံသားများ အချင်းချင်း ဆက်သွယ်ပေါင်းစည်းခြင်းတို့ကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ပြီး တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်လာစေကြောင်း၊ အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ လုပ်ငန်းစဉ်များတွင် မြန်မာ-လာအို စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအတွင်း မီးရထားလမ်းနှင့် အမြန်လမ်းမကြီးများ တည်ဆောက်ခြင်းစသည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ အခြေခံအဆောက်အဦဆိုင်ရာစီမံချက်များ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းများနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေးကဏ္ဍများတွင် ပူးပေါင်းကူညီပေးစေလိုကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသာယာမှု၊ အားလုံးပါဝင်မှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်သင်ယူမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့ကို ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံ-တရုတ်ဗဟိုဌာန အထွေထွေ အတွင်းရေးမှူးချုပ်တို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အာဆီယံ-တရုတ် ဆက်သွယ်ပေါင်းစည်းမှုလုပ်ငန်းစဉ်များနှင့် အောင်မြင်မှုများအပေါ် ရှင်းလင်းပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လစာရင်းများအရ မဟာစီမံကိန်း ၂၀၂၅ ပါ မဟာဗျူဟာလုပ်ငန်းစဉ် ငါးခုအောက်ရှိ နယ်ပယ် ၁၅ ခု၊ ရာခိုင်နှုန်းအားဖြင့် စီမံကိန်း၏ ၇၃ ဒသမ ၄၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ- တရုတ် ပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေး၊ ၂၀၂၄ ခုနှစ်သည် အာဆီယံ-တရုတ်ဒေသတွင်း နိုင်ငံသားအချင်းချင်းအပြန်အလှန် ကူးလူးသွားလာဆောင်ရွက်မည့်နှစ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့်ဖိုရမ်က အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ပြီး အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ် နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်နန်းဖြူစင်သန်းမြင့်က အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်တွင် လွှန်ပရာဘန်မြို့ရှိ ရှင်းသုန်ဘုရားကျောင်းနှင့် ဘုရင့်နန်းတော်ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် လွှန်ပရာဘန်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ ဖိုရမ်ကို အာဆီယံပို့ဆောင်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ (Master Plan on ASEAN Connectivity – MPAC 2025) နှင့် Belt and Road Initiative (BRI) တို့အကြား ပိုမိုကောင်းမွန်သော ချိန်ညှိမှုရရှိစေရန်နှင့် ကိုဗစ်-၁၉ ကာလအလွန်ဒေသတွင်း ချိတ်ဆက်ဆောင်ရွက်မှုကို တစ်သမတ်တည်း အဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်သို့ အာဆီယံ-တရုတ် ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍမှ အကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။


## (၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ



(၅၂) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများကို နိုဝင်ဘာ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Hybrid စနစ်ဖြင့် လက်ခံကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မဟာမဲခေါင်ဒေသခွဲအနေဖြင့် မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများနှင့် နိုင်ငံတကာခရီးသွားများအား စဉ်ဆက်မပြတ်ဆွဲဆောင်နိုင်ခြင်းတို့ကြောင့် ကမ္ဘာကသိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ သဘာဝအလှတရားများ၊ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် တစ်မူထူးခြားသော အတွေ့အကြုံများ၊ ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းမှ လာရောက်လည်ပတ်သူများအတွက် ဆွဲဆောင်မှုရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာ ၂၀၃၀ တွင် ဖော်ပြထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်ကိုတွေ့ရကြောင်း၊ ယင်းမဟာဗျူဟာသည် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ချိတ်ဆက်မှုတိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ရည်ရွယ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မဟာမဲခေါင်ဒေသခွဲသို့ ခရီးသွားဧည့်သည် ၇၃ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ အဆိုပါကပ်ရောဂါကြောင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးသွားကဏ္ဍပြန်လည်ရှင်သန်လာစေရန်နှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပမည့် အစည်းအဝေးများက အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာအားကောင်းသော ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်နိုင်ပြီး မဟာမဲခေါင်ဒေသခွဲရှိ ခရီးသွားကဏ္ဍအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအပြင် အဖွဲ့ဝင်နိုင်ငံများအကြား ဟန်ချက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်း၊ ခရီးစဉ်ဒေသများအကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မဟာမဲခေါင်ခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ Designated Areas for Sustainable Tourism Administration (DASTA) အဖွဲ့မှ ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးမှူးရုံးဘုတ်အဖွဲ့ အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ်၊ တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲနှင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ - ၂၀၂၃ တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ လေကြောင်းစီမံခန့်ခွဲရေးဗျူရိုနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားပြပွဲ (2023 China International Travel Mart) ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ အာဆီယံ-တရုတ်ဗဟိုဌာနနှင့် မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းအနုပညာနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် အာဆီယံ-တရုတ်ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ-၂၀၂၃ ကို နိုဝင်ဘာ ၁၈ ရက်တွင်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသော နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးက တွေ့ဆုံနှုတ်ဆက်ပြီး ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုဝင်ဘာ ၁၇ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ Kunming Duanchi Convention & Exhibition Centre ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားပြပွဲဖွင့်ပွဲအခမ်းအနားနှင့် (Nihao China) မင်္ဂလာပါ တရုတ်ပြည်အစီအစဉ်တို့ကို တက်ရောက်ခဲ့သည်။

အဆိုပါခရီးသွားပြပွဲကို တရုတ်နိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားထုတ်ကုန်များ၏ ပုံရိပ်ကိုမြှင့်တင်ရန်၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန်၊ ခရီးသွားဧည့်သည်များ အပြန်အလှန်သွားလာလည်ပတ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံ- တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာရှီဂျုံကြွင်းနှင့်တွေ့ဆုံ၍ မြန်မာ- တရုတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ပေးရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ကြော်ငြာရေး ကူညီဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယူနန်ပြည်နယ်ခရီးစဉ်အတွင်း သတင်းမီဒီယာများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု

အခြေအနေနှင့် တရုတ်နိုင်ငံ၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဖြေကြားခဲ့သည်။



နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Empark Grand Hotel Kumming ၌ ကျင်းပပြုလုပ်သည့် အာဆီယံ-တရုတ် ခရီးသွား လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၆-၂၀၂၅) အရ အာဆီယံဒေသအား တစ်ပေါင်းတည်းသော ခရီးစဉ်ဒေသ တစ်ခုအဖြစ် မြှင့်တင်လျက်ရှိရာတွင် အာဆီယံဒေသသို့ ခရီးသွားလုပ်ငန်းဆိုင် ရာ ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရေးကို မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ၎င်းမဟာဗျူဟာလုပ်ငန်းစဉ် အား အကောင်အထည်ဖော်ဆောင်မှုတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများတွင် ယခုကဲ့သို့ ဆွေးနွေးပွဲများ အလှည့်ကျ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးသည့် အာဆီယံ - တရုတ်ဗဟိုဌာန၊ အာဆီယံ - ဂျပန် ဗဟိုဌာနနှင့် အာဆီယံ -ကိုရီးယား ဗဟိုဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ များစွာရှိပါကြောင်း၊ တရုတ် နိုင်ငံအနေဖြင့် အာဆီယံဒေသ၊ အထူးသဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံ တကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိမိထွန်းက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့်စပ်လျဉ်း၍ PowerPoint Presentation ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံတကာခရီးသွားပြပွဲသည် လွန်ခဲ့သော ၂၅ နှစ်မှ စတင်ကျင်းပခဲ့ သော ကမ္ဘာ့ဒုတိယအကြီးဆုံးခရီးသွားပြပွဲဖြစ်ပြီး ၂၀၂၃ ခုနှစ် တရုတ် နိုင်ငံတကာခရီးသွားပြပွဲသည် BRI (Belt & Road Initiative) ၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်နှစ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် “Nihao China” မင်္ဂလာပါ တရုတ်ပြည် အစီအစဉ် ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားများကို ဖိတ်ခေါ်ရန်ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအားလက်ခံတွေ့ဆုံ လာအိုနိုင်ငံ၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေး**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား နိုဝင်ဘာ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip-FAM Trip) ပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်သွား မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိကပါဝင်သော working group များ ဖွဲ့စည်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်သွားလာလည်ပတ်ရေး၊ အစိုးရ-ပုဂ္ဂလိက အားလုံးပါဝင်သော Virtual Tourism Forum ပြုလုပ်နိုင်ရေး၊ နှစ်နိုင်ငံခရီးစဉ်ဒေသများသို့ တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲ ပေးနိုင်ရေး၊ နှစ်နိုင်ငံခရီးစဉ်ဒေသများ ကြော်ငြာမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ ခရီး သွားလုပ်ငန်းတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတို့သို့ အွန်လိုင်းမှ ပါဝင် တက်ရောက်သည်။




အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော မဟာဗျူဟာများနှင့်အညီ အာဆီယံဒေသတွင်း ဦးစားပေး ခရီးစဉ်ဒေသများနှင့် ဝင်ထွက်ပေါက်များ သတ်မှတ်ဆောင်ရွက်ရန်၊ ဒေသတွင်းခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့် အာဆီယံပို့ဆောင် ရေးအဆင့်မြင့်အရာရှိကြီးများအကြား အထူးလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်း ဆောင်ရွက်ရန် အဆိုပြုချက်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ဒေသတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအနေဖြင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံခရီးသွား လုပ်ငန်းဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ၊ အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ၊ အဖွဲ့ဝင် နိုင်ငံများမှအဆင့်မြင့်ကိုယ်စားလှယ်များ၊ နိုင်ငံတကာလေကြောင်းပို့ဆောင်ရေး အဖွဲ့ (IATA) နှင့် နိုင်ငံတကာ အပျော်စီးသင်္ဘောလုပ်ငန်းအဖွဲ့ (CLIA) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးကို အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ မြင့်တင်ရာတွင် ဒေသတွင်း အဓိကဦးစားပေးခရီးစဉ်ဒေသများသို့ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် အာဆီယံပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ထားကိုးကွယ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဇန်နဝါရီ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်တွင် နေပြည်တော်ရှိ ခရီးသွားဆွဲဆောင်ရာ ၃၈ နေရာသို့ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်ကြသည်ကို တွေ့ရှိရပါကြောင်း၊ မကြာသေးမီက ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ထားသည့်အတွက် ဘုရားဖူးခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ခရီးသွားကုမ္ပဏီများအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် ပြည်တွင်း၌သွားရောက်လည်ပတ်သော ခရီးစဉ်များရေးဆွဲရာတွင် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေးနှင့်ခရီးသွားအဆောက်အအုံများရှိနှင့်ပြီးဖြစ်သည့်အတွက် ပြည်တွင်း/ပြည်ပခရီးသွားဈေးကွက်ရရှိရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြည်တွင်း/ပြည်ပ ဘုရားဖူးခရီးစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆောင်ရွက်သင့်သည်များဖြစ်ပေါ်လာမည့် အခက်အခဲများအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သင့်သည်များ၊ ဘုရားဖူးခရီးစဉ်နှင့်တွဲဖက်၍ အခြားခရီးသွားဆွဲဆောင်ရာနေရာများသို့ လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်သည်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး (Assessment) ဆိုင်ရာ သရုပ်ပြအသိပညာပေးရှင်းလင်းပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇန်နဝါရီ ၁၈ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး (Assessment) ဆိုင်ရာ သရုပ်ပြအသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) မှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ စစ်ဆေးအကဲဖြတ်သူများနှင့် စစ်ဆေးအကဲဖြတ်မှုခံယူမည့်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန (Assessment center) ၃၂ ခုမှ Waiting Staff၊ Room Attendant၊ Bell Person နှင့် Public Area Attendant အလုပ်အကိုင် လေးမျိုးအတွက် ကျွမ်းကျင်လုပ်သားများကို စစ်ဆေးအကဲဖြတ်ပေးလျက်ရှိကြောင်း၊ ယနေ့တက်ရောက်လာကြသည့် စစ်ဆေးအကဲဖြတ်သူများနှင့် စစ်ဆေးအကဲဖြတ်မှု ခံယူမည့်သူများအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများမွေးထုတ်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း Assessment Center များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စစ်ဆေးအကဲဖြတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် မင်္ဂလာသီရိဟိုတယ်တွင် Room Attendant အလုပ်အကိုင်စစ်ဆေးအကဲဖြတ်နေမှုနှင့် တံ့ဂပူရိဟိုတယ်တွင် Waiting Staff အလုပ်အကိုင်စစ်ဆေးအကဲဖြတ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား



ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းကျောင်းတို့၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်) နှင့် Htoo Group of Company မှ တာဝန်ရှိသူများ၊ ကန်တော်ကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြ ဆရာ/ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကန်တော်ကြီး ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းသင်တန်းကျောင်းကဲ့သို့ အစဉ်အလာကောင်းမွန်သော သင်တန်းကျောင်းများအနေဖြင့် ဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်းပြီး ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများမွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတကာနှင့်ဒေသတွင်း ကျွမ်းကျင်မှုစံနှုန်းများနှင့်အညီ လိုက်နာသင်ကြားရေးကို ဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဥက္ကဋ္ဌတို့က သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ဆုရရှိကြသော သင်တန်းသား/ သူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးခွဲ၊ စန္ဒကူးလမ်းရှိ မော်တော်ယာဉ်ဌာနစိတ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းများ၊ ဆူးလေမီးသတ်အနီးရှိ မြန်မာ့ခရီးသွားဘဏ်၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ လွယ်ကူစွာသိရှိနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာနှင့် ယခင်ဧည့်လမ်းညွှန်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပန်းဘဲတန်းမြို့နယ်ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD) သင်တန်းကျောင်းသို့ သွားရောက်ပြီး အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ချောင်းသာကမ်းခြေဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇန်နဝါရီ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ချောင်းသာမြို့သို့သွားရောက်၍ ချောင်းသာကမ်းခြေဒေသရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များနှင့်ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေသူများကို Azura Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ချောင်းသာကမ်းခြေသည် အလွယ်တကူသွားလာနိုင်သော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ရက်ရှည်တည်းခိုနေထိုင်လည်ပတ်အောင် ဆွဲဆောင်နိုင်မည့် အစီအစဉ်များကို ဖော်ထုတ်နိုင်ရန် ဒေသခံများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။



ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရေး၊ ကမ်းခြေဒေသကို သန့်ရှင်းသာယာလှပပြီး ရေရှည်တည်တံ့စေရေး၊ ပင်လယ်ရေအောက်သယံဇာတများနှင့်သဘာဝပတ်ဝန်းကျင်များ ထိခိုက်မှုမရှိစေရေးနှင့် ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးမှ အစိုးရ၊ ပုဂ္ဂလိက Stakeholders များ အားလုံးဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေကြသူများက ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ကာ နိဂုံးချုပ် အမှာစကားပြောကြားပြီးနောက် Azura Hotel တွင် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System– HGLMS) အသုံးပြုနေမှုအခြေအနေများ၊ ခရီးသည်များအဆင်ပြေချောမွေ့စွာတည်းခိုနေထိုင်နိုင်ရေး၊ ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဟိုတယ် အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရေကူးကန်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ချောင်းသာမြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာသို့ သွားရောက်ကာရိပ်သာတွင် အပန်းဖြေတည်းခိုနေသည့် နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့သော တပ်မတော်အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားပြီး တစ်ဦးချင်းစီအား ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငရုတ်ကောင်းမြို့နှင့် ဇော်ရင်ဂျီကျွန်းတို့၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇန်နဝါရီ ၉ ရက်နေ့ နံနက်ပိုင်းတွင် ငွေဆောင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲတည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဧရာ်ကောင်းမြို့သို့ သွားရောက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဧရာ်ကောင်းမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ၍ ဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ဒေသ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရေး၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်ရေးနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေး တို့ကိုရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး အဖွဲ့ (Destination Management Organization-DMO) များကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။ DMO တွင်ပါဝင်သော အစိုးရ-ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ သွားလာလည်ပတ်လေ့ရှိသော ဇေါ်ရင်ကျီကျွန်းသို့သွားရောက်ကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇေါ်ရင်ကျီဟိုတယ်သို့သွားရောက်၍ ဟိုတယ်တွင် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် Hotels Guest List Management System (HGLMS)ကို စနစ်တကျအသုံးပြုနေမှု၊ လာရောက်တည်းခိုသည့် ဧည့်သည်များကို သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဟိုတယ်တွင် စိုက်ပျိုးထားသော Organic စိုက်ခင်းနှင့်ဒေသထွက်ပစ္စည်းများရောင်းချထားမှု၊ လာရောက်တည်းခိုမည့် ခရီးသွားဧည့်သည်များအား ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဇေါ်ရင်ကျီကျွန်းသည် အလှအပလှရှိသော ကမ်းခြေခရီးစဉ်ဒေသဖြစ်သောကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရန်နှင့် ခရီးသွားလုပ်ငန်းကြောင့် သဘာဝအလှအပများ ပျက်စီးမှုမရှိစေရန် စနစ်တကျကာကွယ်သွားကြရန် မှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငွေဆောင်ကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇန်နဝါရီ ၇ ရက်နေ့ ညနေပိုင်းတွင် ငွေဆောင်ကမ်းခြေဒေသ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်လေ့ရှိသည့် မြွေကျွန်းသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငွေဆောင်ကမ်းခြေရှိ Aureum Palace Hotel၊ Sunny Paradise Hotel နှင့် Ngwe Saung Square ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဟိုတယ်များအနေဖြင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System-HGLMS) ကို စနစ်တကျအသုံးပြုကြရန်၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (Health and Safety Protocols - HSP) ကို ဒေသအဆင့်ရရှိထားသော ဟိုတယ်များက အမျိုးသားအဆင့်အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန်၊ အမှတ်တရပစ္စည်းများ ရောင်းချရာတွင် ဒေသထုတ်ကုန်များ ပိုမိုထည့်သွင်းရောင်းချနိုင်ရေး စီမံဆောင်ရွက်သွားကြရန်နှင့် ငွေဆောင်ကမ်းခြေဒေသတွင် ဆောင်ရွက်ထားသော Ngwe Saung Square ကို ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဇန်နဝါရီ ၈ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ဒုဝန်ကြီးသည် ငွေဆောင်ကမ်းခြေဒေသရှိ ယမုံနာ ဦးဟိုတယ်၌ ကျင်းပသည့် ရှုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး ငွေဆောင်ကမ်းခြေဒေသရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေကြသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ Diving Site အဖြစ်သတ်မှတ်ထားသည့် ခရီးစဉ်ဒေသများဖြစ်သော ငှက်ကျွန်း၊ ကျွန်းလျားရှည်ကျွန်းနှင့် လိပ်ကျွန်း၊ ချစ်သူများကျွန်းနှင့် ငွေဆောင်ကမ်းခြေရှိ Yacht Club and Merina Resort Hotel သို့ သွားရောက်ကာ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်ရေးနှင့် သန့်ရှင်းသာယာလှပပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စီမံဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇန်နဝါရီ ၇ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ သွားရောက်၍ ပုသိမ်ခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization - DMO)၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများကို ပုသိမ်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများတွင် ဧရာဝတီတိုင်းဒေသကြီးသည် ခရီးသွားဆွဲဆောင်မှုများစွာကို ပိုင်ဆိုင်ထားသော ခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး ကားလမ်းခရီးနှင့် ရေလမ်းခရီးတို့ဖြင့် သွားလာလည်ပတ်နိုင်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး အလှအပလှရှိသော ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရေး၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်ရေး

နှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ကိုရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization-DMO)များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ဒေသအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီအားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုသိမ်ရုံးခွဲသို့ သွားရောက်ကာ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသွားရာ ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံရှိ ဟိုတယ်များနှင့်တစ်ဆက်တည်းရှိသော လမ်းဘေးဝဲယာရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပမှုရှိစေရေး ကြည့်ရှုစစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၃ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသွားရာ ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံအနီးရှိ ဟိုတယ်မျက်နှာစာနှင့် ဘေးပတ်ဝန်းကျင်တစ်လျှောက်ရှိ ဟိုတယ်များ၏ စနေနေ့ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ လာရောက်တည်းခိုစဉ် ဟိုတယ်များအတွင်း စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပစေရေးနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်စေရေးအတွက် လိုက်လံကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက နေပြည်တော်ကို Clean City၊ Green City၊ Smarty City ဖြစ်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရာတွင် နေပြည်တော်ရှိ ဟိုတယ်များအနေဖြင့်လည်း မိမိတို့ ဟိုတယ်ပရိဝုဏ်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပရေး၊ ဟိုတယ်အဆောက်အအုံများ နိုင်ငံတကာအဆင့်မီ ကောင်းမွန်ပြီး အမြင်တင့်တယ်မှုရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရေး၊ လာရောက်လည်ပတ်တည်းခိုနေထိုင်ကြသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော ဝန်ဆောင်မှုကောင်းများဖြစ်စေရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရာဇသင်္ဂဟလမ်းဘေးဝဲယာရှိ ဟိုတယ်များသို့ သွားရောက်ပြီး ဟိုတယ်ဝန်ဆောင်မှုပေးနေမှု၊ အမှတ်တရဓာတ်ပုံရိုက်ကူးရာနေရာများတွင် ဒေသထုတ်ကုန်များ ပိုမိုထည့်သွင်းရောင်းချစေရေး၊ ဟိုတယ်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုရှိစေရေး၊ ခရီးသည်များ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေး၊ ဟိုတယ်များအတွင်း တပ်ဆင်ထားသော Walk Through၊ CCTV၊ X-ray Detector များကို စနစ်တကျဆောင်ရွက်ထားရှိစေရေး၊ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် Hotels Guest List Management System (HGLMS) အသုံးပြုမှု၊ မသန်စွမ်းသူများ အတားအဆီးမဲ့ခရီးသွားလာနိုင်ရေး (Barrier Free Tourism) အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ငွေထုတ်ယူမှုစနစ်အဆင်ပြေစေရေး ATM စက်များ တပ်ဆင်ထားမှု၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်တည်းခိုနေထိုင်ရေးအတွက် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ စနစ်တကျရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးမှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မြန်မာ- တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးအား မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး (Exploring Myanmar Culture & Tourism Organization) ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. Liu Wei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံရှိ TikTok တွင် ဖွင့်လှစ်ထားသော "Myanmar Pavilion" ခရီးသွားမြှင့်တင်ရေးပလက်ဖောင်းကိုအသုံးပြု၍ မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုများနှင့်ယဉ်ကျေးမှုများကို တရုတ်နိုင်ငံသားတိုင်းသိရှိစေရန် မိတ်ဆက်ပေးနိုင်ရေးနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လာရောက်တွေ့ဆုံတင်ပြသည်။




တွေ့ဆုံစဉ် တရုတ်နိုင်ငံ၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ အစားအစာများ၊ ခရီးသွားဆွဲဆောင်ရာနေရာများကို မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံမှ social influencer များ၊ သတင်းမီဒီယာများ၊ ခရီးသွားဘလော့ဂါများနှင့် ခရီးသွားအေဂျင်စီများ ပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip- FAM Trip (ဖန်ထရစ်)) အား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များဖိတ်ခေါ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ တရုတ်နိုင်ငံ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းတုသတင်းမှားများကို အမှန်သတင်းဖော်ပြနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများအကြား communication channel တည်ဆောက်နိုင်ရေးနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ XI ZANG ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရဥက္ကဋ္ဌ Mr. YAN JINHAI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရဥက္ကဋ္ဌ Mr.

YAN JINHAI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ JASMINE NAYPYITAW ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်မှု၊ Visa on Arrival ခွင့်ပြုပေးထားမှု၊ တရုတ်နိုင်ငံရှိမီဒီယာများ၊ Influencer များ၊ Blogger များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip-FAM Trip) စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာ- တရုတ်နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်နေမှု၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများအပြန်အလှန်သွားလာလည်ပတ်ရေးနှင့် ဘုရားဖူးခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရဌာနကဏ္ဍ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နေပြည်တော်ရှိ ခရီးသွားဆွဲဆောင်ရာနေရာများသို့ သွားရောက်လည်ပတ်ခဲ့ကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းဖြစ်ပါသည်။

**ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါဝင်တက်ရောက်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

**အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၄၊ (၅၉) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ နှင့်ဆက်စပ်၍ အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ လာအိုနိုင်ငံမှ ဗီယင်ကျန်းမြို့ရှိ Landmark Mekong Riverside ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံမှခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။




မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် (၅၉)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ အဆိုပါအစည်းအဝေးတွင် (၆၀) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း လက်ခံကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၄ ရက်နေ့တွင် (၄၄) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ကိုရီးယား၊ ဂျပန်) ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၃၀) ကြိမ်မြောက် အာဆီယံ+ အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် အာဆီယံ+ ရုရှား ခရီးသွားလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ**

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၁-၇-၂၀၂၂ ရက်နေ့မှ ၃၁-၁-၂၀၂၄ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း ၁၈၆၈၁ ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၁-၂၀၂၄)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၁-၂၀၂၄) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၂၈(လုံး) |
| | | ၈၆၂၁၁(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၅(လုံး) |
| | | ၁၃၆၁၈(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၁၃(လုံး) |
| | | ၉၉၈၂၉(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၃၀၆၇(ခု) |
| | (ခ ) ပြည်ပ | ၉၈၁(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၉၀၇(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၅၁(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၅၆(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၃ ဇန်နဝါရီ | ၂၀၂၄ ဇန်နဝါရီလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၁၇၈၈၄ | ၂၃၅၀၃ | ၅၆၁၉ | (+)၃၁% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၈၉ | ၇၃ | (-)၁၆ | (-)၁၈% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၃၂၈ | ၁၁၉ | (-)၂၀၉ | (-)၆၄% |
| **စီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၁၈၃၀၁** | **၂၃၆၉၅** | **၅၃၉၄** | **(+)၂၉%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၁၇၄၂၁ | ၁၁၆၁၈၈ | ၉၈၇၆၇ | (+)၅၆၇% |
| **စုစုပေါင်း** | | **၃၅၇၂၂** | **၁၃၉၈၈၃** | **၁၀၄၁၆၁** | **(+)၂၉၂%** |

၃၁-၁-၂၀၂၄ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၅၇)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၄၉၃)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၄၉၃)လုံးအနက် (၄၇၇)လုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ခရီးသွားများအတွက် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေးအတွက် HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါသည်။

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ (၃၁-၁-၂၀၂၄) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များအနက် Plaque မရရှိသေးသည့် ဟိုတယ်/တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/တည်းခိုရိပ်သာများစာရင်း | လျှောက်ထားမှုရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၅ | ၅၁ | ၅၀ | ၁ | ၄ | ၁၀၁ | ၅၄ |
| ၂ | မန္တလေး | ၅၉ | ၄၄ | ၃၆ | ၈ | ၁၅ | ၅၈၇ | ၁၀ |
| ၃ | ရန်ကုန် | ၇၄ | ၇၂ | ၇၁ | ၁ | ၂ | ၄၉၂ | ၁၅ |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၂ | ၁၁ |
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၂၂ | ၀ | ၂ | ၆၁ | ၃၉ |
| ၆ | တနင်္သာရီ | ၂၆ | ၂၃ | ၂၃ | ၀ | ၃ | ၆၄ | ၄၁ |
| ၇ | ဧရာဝတီ | ၂၂ | ၁၉ | ၁၉ | ၀ | ၃ | ၁၂၂ | ၁၈ |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၅၈ | ၃၁ |
| ၉ | ကချင် | ၃ | ၂ | ၀ | ၂ | ၁ | ၇၈ | ၄ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၄၅ | ၄၄ | ၄၂ | ၂ | ၁ | ၆၀ | ၇၅ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၇၂ | ၁၄၆ | ၁၄၆ | ၀ | ၂၆ | ၄၅၁ | ၃၈ |
| ၁၅ | မွန် | ၃၃ | ၂၉ | ၂၉ | ၀ | ၄ | ၈၉ | ၃၇ |
| **စုစုပေါင်း** | | **၅၅၇** | **၄၉၃** | **၄၇၇** | **၁၆** | **၆၄** | **၂၄၁၃** | **၂၃** |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဘာသာစကားသင်တန်း**

ရုရှားဘာသာစကား (အခြေခံ) သင်တန်းကို ဧရာဝတီတိုင်း၊ ငွေဆောင်တွင် (၈-၁-၂၀၂၄) ရက်နေ့မှ (၂-၂-၂၀၂၄) ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၀) ဦးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း**

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို နေပြည်တော်တွင် (၆-၁၁-၂၀၂၃) ရက်နေ့မှ (၁-၁၂-၂၀၂၃) ရက်နေ့အထိ စုစုပေါင်းသင်တန်း (၄)ကြိမ်၊ သင်တန်းသား (၂၂၀)ဦးဖြင့်ဖွင့်လှစ်ခဲ့ပါသည်။

ပုဂံမြို့နှင့် ရန်ကုန်မြို့တွင် (၁၁-၁၂-၂၀၂၃) ရက်နေ့မှ (၂၉-၁၂-၂၀၂၃) ရက်နေ့အထိ စုစုပေါင်းသင်တန်း (၂) ကြိမ်၊ သင်တန်းသား (၉၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ်သင်တန်း (TOT) ကို (၈-၄-၂၀၂၃) ရက်နေ့မှ (၈-၁၂-၂၀၂၄) ရက်နေ့အထိ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် စုစုပေါင်း သင်တန်း (၃) ကြိမ် ၊ သင်တန်းသား (၆၈) ဦးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs သင်တန်းများ**

မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ရန်ကုန် (CTD) တွင် မုန့်ဖုတ်နည်းသင်တန်းကို စုစုပေါင်း သင်တန်း (၂) ကြိမ်၊ သင်တန်းသား (၄၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဤဝန်ကြီးဌာနတွင် ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို (၃၀-၁-၂၀၂၄)ရက်နေ့မှ (၂၇-၂-၂၀၂၄) ရက်နေ့အထိ သင်တန်း(၁) ကြိမ်၊ သင်တန်းသား (၁၄၂) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

| စဉ် | သင်တန်းအမျိုးအစား | စုစုပေါင်း | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁။ | ရုရှားဘာသာစကား(အခြေခံ)သင်တန်း | ၁ | ၃၀ |
| ၂။ | ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း၊ အမှတ်စဉ်(၆၄) | ၁ | ၁၇ |
| ၃။ | ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း | ၄ | ၂၂၀ |
| ၄။ | အာဆီယံ-ဂျပန်ဗဟိုဌာနနှင့်ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုး | ၂ | ၁၈၄ |
| ၅။ | ဧည့်ဝန်ဆောင်မှုဆိုင်ရာဆရာဖြစ် (TOT) သင်တန်း | ၃ | ၇၀ |
| ၆။ | ဝါးလက်မှုသင်တန်း | ၁ | ၂၆ |
| ၇။ | မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် မုန့်ဖုတ်နည်းသင်တန်း | ၂ | ၄၀ |
| ၈။ | ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၁ | ၁၄၂ |
| **စုစုပေါင်း** | | **၁၅** | **၇၂၉** |

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂**

မုန့်ဖုတ်နည်းအခြေခံသင်တန်း၊ အမှတ်စဉ် (၄)၊ (၅) သင်တန်းကို သင်တန်းသား (၁၀၀) ဦးဖြင့် ဖွင့်လှစ်ပို့ချပြီး ဖြစ်ပါသည်။ လက်ရှိတွင် မုန့်ဖုတ်နည်းအခြေခံသင်တန်း အမှတ်စဉ် (၆) ကို သင်တန်းသား (၂၀) ဦးဖြင့် (၂-၁-၂၀၂၄) ရက်နေ့မှ (၂၆-၁-၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**၂၀၂၄ ခုနှစ်၊ (၇၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ဝန်ကြီးဌာနပြခန်း ပါဝင်ပြသခြင်း**



၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ကြီးဌာနကိုယ်စားပြုပြခန်း ပါဝင်ပြသခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**အာဆီယံပွဲတော်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်**




အာဆီယံပွဲတော်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၅-၁၂-၂၀၂၃ ရက်နေ့မှ ၂၈-၁၂-၂၀၂၃ ရက်နေ့အထိ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များကိုယ်စား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့ပါသည်။

## ကရင်ပြည်နယ်

**ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး**

၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၁၁/၂၀၂၃)ကို ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။



၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၁၁/၂၀၂၃)ကို ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ ဝင်ရောက်လည်ပတ်နိုင်ရေး၊ ပွဲတော်များ ကျင်းပနိုင်ရေး ခရီးသွားများအဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး၊ ပြည်နယ်အတွင်း ခရိုင်မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး Distination Management Organization (DMO) အဖွဲ့များဖွဲ့စည်းဆောင်ရွက်နေနိုင်ရေး၊ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေး၊ ထိုင်းနိုင်ငံသား များ (Package Tour) ဖြင့် မြဝတီမြို့၊ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဘားအံမြို့သို့ (၃)ညအိပ် (၄)ရက် ဝင်ရောက်လည်ပတ်ခွင့်ကိစ္စတို့ကို ဆွေးနွေးခဲ့ပါသည်။

## မွန်ပြည်နယ်

**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပပြုလုပ်**



မွန်ပြည်နယ်တွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး (၈/၂၀၂၃)ကို ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အသစ် လျှောက်ထားခြင်း၊ တည်းခိုရိပ်သာ လုပ်ငန်းရှင် အမည်ပြောင်းလဲခြင်းနှင့် ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့ကို ခွင့်ပြုပေးခဲ့ပြီး မွန်ပြည်နယ်အတွင်း ခရီးသွားမြှင့်တင်ရေး၊ ရုပ်သံ Video ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် ခရီးစဉ်အသစ် ဖော်ထုတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်) တို့ ဦးဆောင်မှုဖြင့် YGE Training Center မှ Positive Attitude in Hospitality Professionalism ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခဲ့ရာ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

## မန္တလေးတိုင်းဒေသကြီး

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ**



၁၅-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးခန်းမ၌ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းသည် အဓိကထောက်တိုင်တစ်ခုဖြစ်ပြီး အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အပံ့ပေးနေသည့် အရင်းအမြစ်တစ်ခုလည်းဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ သဘာဝအခြေခံ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ဖော်ထုတ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ချိတ်ဆက်ဖန်တီးပေးနိုင်သော ဟိုတယ်လုပ်ငန်းလိုင်စင်၊ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**Thai Travel Association FAM Trip in Yangon – Kyaikhtiyo – Bago**




၂၆-၁၁-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးသို့ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းရှင်များ လေ့လာရေးခရီးစဉ်တွင် ခရီးသွားဧည့်သည် ၃၀ ဦးတို့သည် ပဲခူးမြို့ရှိ ရွှေသာလျောင်းဘုရား၊ မဟာစေတီရှိ ဘုရင့်နောင်မင်းတရားကြီး၏ အောင်မြေ၊ ကျိုက်ပွန်ဘုရား၊ ကမ္ဘောဇသာဒီနန်းတော်ရာရှိ ယိုးဒယားမင်းသမီးဆုပန်ကလျာနန်းဆောင်အား ဂါရဝပြုခြင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ရွှေမော်ဓောဘုရား ရင်ပြင်တော်၌ မသိုးသက်န်းယက်လုပ်ပူဇော်ခြင်းနှင့် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တို့အား လာရောက်လေ့လာခဲ့ကြပါသည်။

## မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသွားစစ်တမ်းကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် သုတေသနဆောင်ရွက်ပုံနည်းလမ်းများအတိုင်း စနစ်တကျသုတေသနပြုလုပ်ခြင်းမှတစ်ဆင့် ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်နှင့် သုတေသနတွေ့ရှိချက်များကို အခြေခံ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက Video Conferencing ဖြင့် Online မှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကြံပြုချက်များကိုသိရှိနိုင်စေရန်အတွက် ပြည်တွင်းပြည်ပခရီးသွားစစ်တမ်းများကို ကောက်ယူမည်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားစစ်တမ်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ပေါင်း ၁၉ မြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ၊ ဝင်/ ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားစစ်တမ်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် မူဆယ်မြို့များရှိ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များတွင် ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယခုစစ်တမ်းကောက်ယူသွားမည့် ဝန်ထမ်းများအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သူများပါဝင်သကဲ့သို့ ယခုမှစတင်ကောက်ယူမည့်သူများလည်း ပါဝင်သည့်အတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို သေချာလေ့လာသင်ယူပြီး အရည်အသွေးပြည့်ဝသော၊ ကိုးကားနိုင်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ တွေ့ရှိချက်များရရှိအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍဖွံ့ဖြိုး တိုးတက်လာပြီး တိကျခိုင်မာသော စာရင်းအင်းအချက်အလက်များ ထုတ်ပြန်ကာ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ခရီးသွားစစ်တမ်း ကောက်ယူမှုအစီအစဉ်အရ ပြည်တွင်းခရီးသွားများကို ဒီဇင်ဘာ ၃၀ ရက်မှ စတင်ကောက်ယူသွားမည်ဖြစ်ပါသည်။